သင်ကြားပို့ချခြင်း
စက်တင်ဘာ ၂၀၁၄

Natural Resource Governance Institute

# ပွင့်လင်းမြင်သာမှုအရှိန်မြင့်တင်ခြင်းနှင့် စာချုပ်များ စောင့်ကြည့်လေ့လာခြင်း

## အဓိကအကြောင်းအရာ

- ရေနံ၊ ဓာတ်ငွေ့နှင့်တွင်းထွက်ဆိုင်ရာစာချုပ်များ အကောင်အထည်ဖော်မှု စောင့်ကြည့်ရာတွင် လွှတ်တော်အမတ်များ၏ ကဏ္ဍမှာ အဓိကကျသည်။ လွှတ်တော်မှ စောင့်ကြည့်ရန်အတွက် စာချုပ်များကို အများပြည်သူကြားတင်ပြခြင်းသည် မဖြစ်ဖြစ်အောင် ဆောင်ရွက်ထားရမည့် ကိစ္စဖြစ်သည်။ စာချုပ်များကို ပြည်သူများအား တင်ပြခြင်းဖြင့် အများပြည်သူစောင့်ကြည့်စီစစ်မှုတိုးလာသည်နှင့်အမျှ စာချုပ်ချုပ်ဆိုမည့်သူများသည်လည်း သဘောတူညီချက်များကို အရည်အသွေးမြင့်မြင့်ဖြင့် ဆောင်ရွက်ရန် အတွက်အားတခုဖြစ်စေမည်ဖြစ်သည်။

- စာချုပ်များဖွင့်ပြခြင်းသည် တဖြည်းဖြည်းနှင့် အများလက်ခံလာသည့် စံသတ်မှတ်ချက် တခုဖြစ်လာသည်။ နှစ်စဉ်နှင့်အမျှ အစိုးရများသည် ၎င်းတို့၏ စာချုပ်များ၊ သဘောတူညီချက်များကို ဖွင့်ပြလာကြပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများကလည်း စာချုပ်စာတမ်း ပွင့်လင်းမြင်သာမှု၏ တန်ဖိုးကို ပိုမိုသိမြင်လာကြသည်။

- လွှတ်တော်အမတ်များကလည်း စာချုပ်စာတမ်းပွင့်လင်းမြင်သာမှုကို ပိုမိုဖောင်းပေးပြောဆိုလာကြသည်။ ဥပဒေကြောင်းအရ ပိုမိုစေ့စပ်စွာ စောင့်ကြည့်နိုင်ခြင်း၊ လာဘ်စားမှု လျော့ချနိုင်ခြင်း၊ နိုင်ငံအတွက် အကျိုးအမြတ်ညှိနှိုင်းရာတွင် ပိုမိုခိုင်မာစွာ ရပ်တည်ပြောဆိုနိုင်ခြင်းတို့ ကြောင့် လွှတ်တော်အမတ်များသည် မိမိသို့အပ်နှင်းထားသည့် တာဝန်များကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်လာသည်။

## မိတ်ဆက်

ဥပဒေများနှင့် စာချုပ်များသည် အစိုးရများနှင့် ကုမ္ပဏီများသို့ ၎င်းတို့ဆွေးနွေး ညှိနှိုင်းသည့် ကိစ္စရပ်များ နှင့် ပတ်သက်သည့် ရပိုင်ခွင့်များ၊ တာဝန်များကို သတ်မှတ်ပေးသည်။ တိုင်းပြည်အနေနှင့် သဘာဝသယံဇာတ မှ မည်ရွေ့မည်မျှရမည်ကိုလည်း ယင်းအချက်အလက်များကပင် အဆုံးအဖြတ်ပေးသည်။  ရေနံ၊ ဓာတ်ငွေ့နှင့်တွင်းထွက်ဆိုင်ရာစာချုပ်များကို အတည်ပြုရန် ဥပဒေပြုအမတ်များကို အာဏာအပ်နှင်းထားသည့် နိုင်ငံများတွင် ဥပဒေရေးဆွဲသူများအနေနှင့် သဘောတူညီချက်ပါ အချက်အလက်များကို သေချာစွာစိစစ်ပြီး အကျိုးများအောင်၊ အဆိုးနည်းအောင် ဆောင်ရွက်စီမံရန်လိုသည်။ စာချုပ်များ အတည်ပြုပြီးပါက လွှတ်တော်အမတ်များသည် စာချုပ်ပါအချက်အလက်များ၊ သတ်မှတ်ထားသည့် ဥပဒေများကို နှစ်ဖက်လုံးက လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဥပဒေကြောင်းအရဖြည့်ဆည်းရန်သတ်မှတ်ထားသည်များ လိုက်နာမှုရှိစေရန်အတွက် သဘာဝသယံဇာတ ဆိုင်ရာစာချုပ်အား အများပြည်သူထံသို့တင်ပြစေခြင်းသည် အလွန်အသုံးဝင်သည့် နည်းတခုဖြစ်သည်။ သို့သော်လည်း နိုင်ငံအများစုတွင်မူ စာချုပ်စာတမ်းများ လက်မှတ်ထိုးပြီးသည့်တိုင် အများပြည်သူကြား တင်ပြခြင်း၊ လွှတ်တော်သို့တင်ပြခြင်းမျိုးမရှိပဲဖြစ်နေသည်။ စာချုပ်များတွင် အများပြည်သူကို သက်ရောက်မှုများ ကြီးစွာဖြစ်စေသည့် သတ်မှတ်ချက်များ၊ အခြေအနေများ ပါရှိနေသောကြောင့် ယင်းသို့ လူမသိသူမသိ လုပ်ဆောင်ခြင်းသည် ပြဿနာဖြစ်သည်။ ရောင်းချရရှိသည့်ငွေမည်မျှကို နိုင်ငံတွင်းအသုံးချမည်မှ စ၍ လူမှု ပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်အတွက် မည်ရွေ့မည်မျှပြန်လည်ထောက်ပံ့မည်အထိ သတ်မှတ်ထားချက်များမှာ စာချုပ်တွင်ပါဝင်သည်။ နှစ်ဖက်လုံးက ဥပဒေလိုက်နာရန်၊ နိုင်ငံကိုအကျိုးဖြစ်ထွန်း စေသည့် စီမံကိန်းဖြစ်ရန်၊ အစိုးရအနေနှင့် အများပြည်သူဆန္ဒအတိုင်း လိုက်နာဖော်ဆောင်နေသည်ကို သိသာ စေရန်အတွက် စာချုပ်စာတမ်းများပွင့်လင်းမြင်သာမှုသည် အလွန်အရေးပါသည်။

> *ရေနံ၊ ဓာတ်ငွေ့နှင့်တွင်းထွက်ဆိုင်ရာစာချုပ်များ ပွင့်လင်းမှု၊ ဖွင့်ပြမှုရှိခြင်းသည် ကုမ္ပဏီများ အတွက်ကော၊ တိုင်းပြည်များအတွက်ပါ အကျိုးများစေသည့် လုပ်ရပ်ဖြစ်သည်။ ကုမ္ပဏီများအနေနှင့် စာချုပ်ဖွင့်ပြခြင်းဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မည်၊ တိုင်းပြည်များအနေနှင့်တော့ အမြင့်ဆုံးဈေးနှင့် ရောင်းချနိုင်သကဲ့သို့ ရလာသည့်ဝင်ငွေများကိုလည်း အမှန်တကယ်ဖွံ့ဖြိုးမှု ဖော်ဆောင်သည့် စီမံကိန်းများတွင် လည်း အကျိုးရှိရှိရင်းနှီးမြုပ်နှံနိုင်မည်ဖြစ်သည်။*
>
> Hon. Zitto Zuberi Kabwe တန်ဇန်းနီးယားနိုင်ငံလွှတ်တော်အမတ်

ထို့ပြင် စာချုပ်များချုပ်ဆိုပြီးပါက အများပြည်သူထံသို့ပြန်လည်တင်ပြရမည်ဟူသောအသိက စာချုပ်ချုပ်ဆို သူများအနေနှင့် စာချုပ်အရည်အသွေးတိုးမြှင့်ရန်အတွက် တွန်းအားတခုဖြစ်စေသည်။ စာချုပ်များကို အများပြည်သူစစ်ဆေးရန်အတွက် တင်ပြရမည်ဆိုပါက အစိုးရအရာရှိများအနေနှင့် တိုင်းပြည်နစ်နာစေမည့် စာချုပ်များ လက်မှတ်မထိုးမီ အကြိမ်ကြိမ်စဉ်းစားမှုများ ပြုလုပ်တော့မည်ဖြစ်သည်။ စာချုပ်စာတမ်း ပွင့်လင်းမြင်သာမှုသည် ကုမ္ပဏီများကိုလည်း တည်ငြိမ်စွာလုပ်ငန်းလုပ်ဆောင်နိုင်ရန် အာမခံချက်ပေးသည်။ စတင်ညှိနှိုင်းစဉ်ကပင် မျှတမှုအသားပေးခဲ့သဖြင့် စာချုပ်ပြန်ပြင်ရန်ဖိအားလည်း လျော့ချပေးသည်။ ပီရူး၊ အရှေ့တီမော၊ အမေရိကန် အစရှိသဖြင့် နိုင်ငံအတော်များများတွင် စာချုပ်စာတမ်းများကို အများသိစေရန် ဖြန့်ဝေခြင်းမပြုပါက ဥပဒေပြုအမတ်များ၊ ပြည်သူပြည်သားအစုအဖွဲ့များက အစိုးရအနေနှင့် ၎င်းတို့ဆုံးဖြတ်ချက်များကို တာဝန်ခံရန်၊ လက်တွေ့အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များကို အသေးစိတ် စောင့်ကြည့်ရန် တောင်းဆိုနိုင်သည့်အခွင့်အလမ်းများရှိသည်။

## စာချုပ်ဟူသည် . . .

ယခုစာတမ်းတွင် ဖော်ပြသုံးစွဲထားသည့် သဘာဝသယံဇာတ တူးဖော်ထုတ်ယူရန် စာချုပ်ဟူသော စကားရပ်၏ ဆိုလိုရင်းမှာ ထုတ်ယူတူးဖော်မည့် သဘာဝရင်းမြစ်နှင့် စပ်လျဉ်းပြီး၊ အသေးစိတ် သတ်မျတ်ချက်နှင့် အခြေအနေများပါဝင်သော၊ အစိုးတရပ်နှင့် ကုမ္ပဏီကြားအခြေခံအနေနှင့် ကျင့်သုံးမည့်စာတမ်း ဟုအဓိပ္ပါယ်ဖော်နိုင်သည်။ စာချုပ်အစား လိုင်စင် သို့မဟုတ် ဦးပိုင်ခွင့်ချထားပေးခြင်းမျိုးလည်းရှိသည်။ လိုင်စင် သို့မဟုတ် ဦးပိုင်ခွင့်ဆိုသည်မှာ ပုံမှန်အားဖြင့် အစိုးရက သယံဇာတများ ထုတ်ယူရန်အတွက် ကုမ္ပဏီကိုချ ထားပေးသည့် ခွင့်ပြုချက်ဖြစ်သည်။ စာချုပ်တွင် လက်မှတ်ထိုးကြသည့် နှစ်ဖက်လက်မှတ်ရေးထိုးကြသူများက လိုက်နာရန် အကျေအလည်သဘောတူထားသည့် သတ်မှတ်ချက်စုဖွဲ့မှုများ (ပုံမှန်အားဖြင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် နိုင်ငံအကြား၊ သို့မဟုတ် နိုင်ငံပိုင်လုပ်ငန်းများကြား) နှင့် အကျယ်ချဲ့ရေးဖွဲ့ထားသည့် အသေးစိတ်အချက် အလက်များပါဝင်သည်။ နော်ဝေနှင့် အမေရိကန်အပါအဝင် အချို့သောနိုင်ငံများတွင် အစိုးရသည် ပုဂ္ဂလိက ကုမ္ပဏီများနှင့် စာချုပ်ရေးထိုးခြင်းမရှိချေ။ စံသတ်မှတ်ချက်များနှင့် ထုံးဖွဲ့ထားသည့် လိုင်စင်ကို ကြိုက်သူ၊ ကိုက်သူ လုပ်နိုင်အောင်ချထားပေးသည်။ ထိုသို့ချထားပေးရာတွင် ကုမ္ပဏီတခုချင်းစီနှင့် အသေးစိတ် ဆွေးနွေးခြင်းမပြုပေ။ ကိုက်လျှင်လုပ် မကိုက်လျှင်လည်း သဘောပဲ ဟူသောအခြေခံဖြင့် အစိုးရက ချပေးခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင်တော့ စာချုပ်များသည် တွင်းထွက်တူးဖော်ရေး စီမံကိန်း လုပ်ငန်းများ တွင်ပုံမှန်ပါဝင်သည့်အရာဖြစ်သည်။

စာချုပ်များတွင် အောက်ဖော်ပြပါ အချက်များပါဝင်တတ်သည်။

- ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များဖြစ်သော ပေးသွင်းမှုများ၊ စိုက်ထုတ်ငွေပြန်အမ်းခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်း၊ သယံဇာတများရောင်းချခြင်း၊ အခွန်ကင်းလွတ်ခွင့်များ
- လုပ်ငန်းလည်ပတ်မှုစီမံခြင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာ သတ်မှတ်ချက်များ
- နိုင်ငံတွင်း/ပြင်မှ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ပေးချေမှုဆိုင်ရာ စီမံထားချက်များ
- နိုင်ငံသားများကို အလုပ်ခန့်ထားခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း
- တဆက်တစပ်တည်းဖြစ်သောရင်းမြစ်များ ဥပမာ ရေ၊ မြေ အသုံးချခွင့်
- သတင်းအချက်အလက် လျှို့ဝှက်ထိန်းသိမ်းခြင်း
- နစ်ဖက်ပြဿနာဖြေရှင်းရေး လုပ်ငန်းစဉ်များ
- ရှာဖွေခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများကြောင့် ထိခိုက်ရလေသော ရပ်ရွာများအတွက် ပြန်လည်ကုစားပေးမှု အစီအစဉ်များ
- လူမှုဝန်းကျင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်စည်းဖြည့်စွက်ရမည့် ဂတ္တိရားများ

*သို့တိုင်အောင် နိုင်ငံ အများစုမှာ သတ်မှတ်ထားသည့် ဥပဒေလမ်းကြောင်းမှ အကြီးအကျယ်သွေဖီလျက် သဘောတူညီချက်များကို လက်မှတ်ထိုးနေဆဲဖြစ်သည်။ ဥပဒေလမ်းကြောင်းမှ ခွာခြင်းဖြစ်သောကြောင့် အပေးအယူ လုပ်ငန်းစဉ်တလျှောက် ဆုံးဖြတ်ချက် အလွဲများ ချနိုင်ချေမြင့်တက်လာခဲ့သည်။ ဆုံးဖြတ်ချက်လွဲပါက ပုဂ္ဂလိက ကုမ္ပဏီများနှင့် ညှိနှိုင်းရာတွင် နောက်မှလိုက်နိုင်ရသကဲ့သို့၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှုများ၊ ထိရောက်သည့် အကဲဖြတ်မှုများကိုလည်း တားဆီးလာနိုင်သည်။*


တိုင်းပြည်၏ တွင်းထွက်တူးဖော်ရေးလုပ်ငန်းကို စီမံသည့် ဥပဒေမူဘောင်အစိတ်အပိုင်းတခုအနေနှင့် သဘောထားကာ ဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်ချက်များနှင့် တတန်းတည်းထား သုံးသပ်မှုများပြုလုပ်သင့်သည်။ အကောင်းဆုံးဆိုသည့် နိုင်ငံတကာစံနှုန်းညွှန်းဆိုချက်များအရ ဥပဒေမူဘောင် များကို အသုံးချရာတွင် တသတ်မတ်ကျင့်သုံးရမည်ဖြစ်သည်။ သို့မှသာ စာချုပ်သည် ဥပဒေမူဘောင်အတိုင်း အံဝင်ပြီး နိုင်ငံဥပဒေများနှင့် သွေဖီခြင်းမရှိပဲ ပြေပြစ်စွာအသုံးချနိုင်မည်ဖြစ်သည်။ သို့တိုင်အောင် နိုင်ငံ အများစုမှာ သတ်မှတ်ထားသည့် ဥပဒေလမ်းကြောင်းမှ အကြီးအကျယ်သွေဖီလျက် သဘောတူညီချက်များကို လက်မှတ်ထိုးနေဆဲဖြစ်သည်။ ဥပဒေလမ်းကြောင်းမှ ခွာခြင်းဖြစ်သောကြောင့် အပေးအယူ လုပ်ငန်းစဉ်တလျှောက် ဆုံးဖြတ်ချက်အလွဲများချနိုင်ချေမြင့်တက်လာခဲ့သည်။ ဆုံးဖြတ်ချက်လွဲပါက ပုဂ္ဂလိက ကုမ္ပဏီများနှင့် ညှိနှိုင်းရာတွင် နောက်မှလိုက်နိုင်ရသကဲ့သို့၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှုများ၊ ထိရောက်သည့် အကဲဖြတ်မှုများကိုလည်း တားဆီးလာနိုင်သည်။

## စာချုပ်ဖွင့်ပြမှုဖြစ်စဉ်များ အရှိန်ရလာပြီ

အစဉ်အလာအားဖြင့်တော့ ရေနံ၊ဓာတ်ငွေ့နှင့် တွင်းထွက်စာချုပ်များ ဖွင့်ပြရန် ဥပဒေကြောင်းအရ သတ်မှတ်ထားခြင်းမရှိပါ။ သို့သော်လည်း လတ်တလော တိုးတက်လာသည့် ဖြစ်စဉ်များအရတော့ စာချုပ်ဖွင့်ပြခြင်းသည် အမှန်တကယ်ဆောင်ရွက်နိုင်သည့် အနေအထားတွင်ရှိပြီး နိုင်ငံအများအပြားကလည်း ဆောင်ရွက်ရန် ဆန္ဒရှိလာကြသည်။

NNGRI မှပြုစုခဲ့သည့် သယံဇာတစီမံမှုအညွှန်း Resource Governance Index (RGI) အရတော့ လေ့လာမှုပြုလုပ်ခဲ့သည့် ၅၈ နိုင်ငံအနက်မှ နိုင်ငံ ၂၇ သည် တွင်းထွက်စာချုပ် အားလုံး သို့မဟုတ် အချို့ကို ပုံနှိပ်ဖြန့်ဝေခဲ့သည်။ RGI ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းတွင် ဂွာနီရာ၊ မိုဇမ်ဘစ်၊ ဆီရီယာလီယွန် အစရှိသည့် နိုင်ငံများသည်လည်း ၎င်းတို့၏ တွင်းထွက်တူးဖော်ရေးဆိုင်ရာ စာချုပ်များကို တင်ပြခြင်းများ စတင်ပြုလုပ်လာခဲ့ ကြသည်။

ပုံ ၁။ စာချုပ်ဖွင့်ပြခြင်းမြေပုံ၊




Resource Governance Index 2013.

မက္ကဆီကိုနှင့် နီဂါနိုင်ငံများက တွင်းထွက်တူးဖော်ရေးစာချုပ်ပွင့်လင်းမြင်သာမှုကို အခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းခဲ့သည်။ လိုက်ဘေးရီးယား၊ ဂွာနီရာ အပါအဝင် အချို့နိုင်ငံများတွင်မူ ရေနံ၊ဓာတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍ စီမံမှုဆိုင်ရာ ဥပဒေများပြဌာန်းရာတွင် စာချုပ်ပွင့်လင်းမြင်သာမှု ပြုလုပ်ရန် သတ်မှတ်ထားသည်။ ဂွာနီရာ၊ လိုက်ဘေးရီးယား၊ ဂါနာနှင့် ကွန်ဂိုဒီမိုကရက်တစ် ရီပတ်ပလစ်ခဲ့သို့သော နိုင်ငံများသည် စာချုပ်များကို အင်တာနက်ပေါ်သို့အများပြည်သူလေ့လာရန် လွှင့်တင်ခဲ့ပြီးဖြစ်သည်။ ဂွာနီယာ နိုင်ငံ၏ ဝက်ဘ်ဆိုက် (www.contratsminiersguinee.org) သည် အခြားနိုင်ငံများ နမူနာအဖြစ် အတုယူဖွယ် ဖြစ်သည်။ စာချုပ်အတိုင်းချည်းသာ လွှင့်တင်ထားခြင်းမဟုတ်ပဲ အလွယ်တကူသဘောပေါက်နိုင်ရန်၊ စောင့်ကြည့်မှုများပြုလုပ်နိုင်ရန်အတွက် စာချုပ်ပါ အဓိကအချက်များကို အတိုချုပ်ကာတင်ပြထားသည်။

*နိုင်ငံအဆင့်တွင်လည်း အင်္ဂလန်မှ လွှတ်တော်အမတ်များသည် စာချုပ်များပုံနှိပ်ဖြန့်ချီရေး တောင်းဆိုမှုအပါအဝင် စာချုပ်များပွင့်လင်းမြင်သာမှုကို ယခုထက် မြင့်တင်ရန်အတွက် ဘယ်လောက် ပေးလဲပြန်ပြောကြေး Publish What You Pay  အဖွဲ့မှ ပြုလုပ်သည့် အစီအစဉ်တွင် တရားဝင် လက်မှတ်ရေး ထိုးထောက်ခံခဲ့သည်။*

နိုင်ငံအလိုက်ကျင့်သုံးမှုများအပြင် နိုင်ငံတကာစံချိန်စံညွှန်းအရလည်း စာချုပ်ဖွင့်ပြမှုကို ပိုမိုထည့်သွင်းစဉ်းစားလာကြသည်။ တွင်းထွက်လုပ်ငန်းပွင့်လင်းမြင်သာမှု EITI ၏ ၂၀၁၃ စံသတ်မှတ်ချက်သစ်အရလည်း စာချုပ်ဖွင့်ပြမှုကို တွန်းအားပေးထားသည်။ အများလက်ခံကျင့်သုံးသည့် အခြားနိုင်ငံတကာ သတ်မှတ်ချက်များဖြစ်သော IMF ၏ သယံဇာတဝင်ငွေပွင့်လင်းမြင်သာမှု Resource Revenue Transparencyနှင့် သဘာဝသယံဇာတ စီမံသုံးစွဲခြင်း Natural Resource Charter တို့တွင်လည်း စာချုပ်ပွင့်လင်းမြင်သာမှုကို  ထောက်ခံအားပေးထားသည်။ နိုင်ငံတကာမှ စာချုပ် အချက်အလက်စုဆောင်းထားသည့်  www.resourcecontracts.org တွင် နိုင်ငံပေါင်း ၂၇ ကျော်မှ စာချုပ်ပေါင်း ၂၇၇ ကျော်ကို စုဆောင်းထားပြီး ဥပဒေပြုအမတ်များအနေနှင့် ၎င်းတို့ နိုင်ငံမှ စာချုပ်နှင့် အခြားစာချုပ်များကို နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်သည်။

ယခုနှစ်များအတွင်း လွှတ်တော်အမတ်အများစုမှာလည်း စာချုပ်ပွင့်လင်းမြင်သာရေးကို တက်ကြွစွာလှုံ့ဆော်သူများ ဖြစ်လာခဲ့သည်။ စာချုပ်ပွင့်လင်းမြင်သာမှုကို ထောက်ခံကြောင်း ကြေညာချက်ကို လွှတ်တော်အမတ်များ၏ ကမ္ဘာလုံးဆိုင်ရာ လာဘ်စားမှုတိုက်ဖျက်ရေးအသင်း Global Organization of Parliamentarians Against

Corruption (GOPAC) ကလည်း ၂၀၁၁ မတ်လတွင်ထုတ်ပြန်ထားခဲ့သည်။ နိုင်ငံ အဆင့်တွင်လည်း အင်္ဂလန်မှ လွှတ်တော်အမတ်များသည် စာချုပ်များပုံနှိပ်ဖြန့်ချီရေးတောင်းဆိုမှုအပါအဝင် စာချုပ်များပွင့်လင်းမြင်သာမှုကို ယခုထက်မြင့်တင်ရန်အတွက် ဘယ်လောက်ပေးလဲပြန်ပြောကြေး Publish What You Pay အဖွဲ့မှ ပြုလုပ်သည့် အစီအစဉ်တွင် တရားဝင်လက်မှတ်ရေးထိုးထောက်ခံခဲ့သည်။ လိုင်ဘေးရီးယားတွင်လည်း လွှတ်တော်အမတ်များက စာချုပ်ဖွင့်ပြရေး ကတိကဝတ်များ ပါဝင်သည့် လိုင်ဘေးရီးယားတွင်းထွက်လုပ်ငန်းပွင့်လင်းရေး ဥပဒေ Liberia Extractive Industries Transparency Initiative (LEITI) law ကို အတည်ပြုခဲ့ကြသည်။

စာချုပ်ပွင့်လင်းမြင်သာမှုကို အသုံးချပြီး လွှတ်တော်အမတ်များသည် ၎င်းတို့၏ ပြည်သူ့အကျိုးဆောင်မှုများ ပြုလုပ်နိုင်ကြသည်။ စာချုပ်များကို လူထုထံတင်ပြရမည်ဟု ဥပဒေအရသတ်မှတ်ထားချက်ရှိခဲ့သည်ဆိုပါက လွှတ်တော်အမတ်များသည် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့်လက်တွဲကာ ဥပဒေသတ်မှတ်ထားချက်များ လိုကနာမှုရှိမရှိကို ပိုမိုတင်းကျပ်စွာ စောင့်ကြည့်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ဥပဒေနှင့် ဖီလာသည့် စာချုပ်ပါ သတ်မှတ်ချက်များကဲ့သို့သော ဥပဒေပြုရေးကဏ္ဍကိုမှေးမှိန်စေသည့် လုပ်ရပ်များကိုလည်း စောင့်ကြည့် နိုင်မည်ဖြစ်သည်။

## အုံ့ပုန်းစာချုပ်တွေကို ဘာလို့ဖော်ရမှာလဲ . . .

အောက်ဖော်ပြပါ အကြောင်းများကြောင့် စာချုပ်ဖွင့်ပြမှုမရှိခြင်းသည် ပြဿနာတက်ရသည့် ကိစ္စဖြစ်လာသည်။

### *အုံ့ပုန်းစာချုပ်များက လွှတ်တော်၏ စောင့်ကြည့်ထိန်းကျောင်းမှုကို မှေးမှိန်စေသည်။*

လွှတ်တော်၏ အဓိကကျောရိုးလုပ်ငန်းများအနက် အစိုးရနှင့် ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ထိန်းကျောင်းခြင်းသည်လည်း တခုအပါအဝင်ဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများအကြား ချုပ်ဆိုသည့်စာချုပ်များတွင် တိုင်းပြည်ကိုဒုက္ခပေးနိုင်သည့် အချက်များပါဝင်နေတတ်သည်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်အမတ်များအနေနှင့် ထိုကဲ့သို့သော ကိစ္စများကို သိနေရမည်။ ပြီးနောက် ပါဝင်ဖြေရှင်းမှုများပြုလုပ်ရမည်ဖြစ်သည်။ အုံ့ပုန်းစာချုပ်များကြောင့် တာဝန်ခံမှုများ အားနည်းရသလို ခိုးကြောင်ခိုးဝှက် လုပ်ငန်းများကိုလည်း အားပေးသကဲ့သို့ဖြစ်သည်။ အကျိုးဆက်အားဖြင့် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများ သေးသိမ်လာပြီး စာချုပ်မှ ရရှိမည့် ဝင်ငွေများနှင့် ပတ်သက်ပြီး စောင့်ကြည့်မှုများကိုလည်း မလုပ်နိုင်တော့ပေ။

*ပါဝင်ဖြေရှင်းမှုများပြုလုပ်ရမည်ဖြစ်သည်။ အုံ့ပုန်းစာချုပ်များကြောင့် တာဝန်ခံမှုများ အားနည်းရသလို ခိုးကြောင်ခိုးဝှက် လုပ်ငန်းများကိုလည်း အားပေးသကဲ့သို့ဖြစ်သည်။*

### *အုံ့ပုန်းစာချုပ်များသည် လာဘ်စားမှုများပေါ်ပေါက်စေပြီး လူထုယုံကြည်မှုကျဆင်းစေသည်*

စာချုပ်များကို ပြည်သူများကစစ်ဆေးခြင်းမပြုပါက အစိုးရအရာရှိများအနေနှင့် အရောင်းအဝယ်ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် ပြည်သူအကျိုးထက် မိမိတကိုယ်ရေတွက်ချေကိုက်ရေးကို ပို၍ဖောင်းပေးလုပ်ကိုင်ရန် အလားအလာများသည်။ စာချုပ်များဖွင့်ပြခြင်းဖြင့် ပြည်သူများအနေနှင့် အကျိုးမရှိသည့် အရောင်းအဝယ်များကို စုံစမ်းနိုင်၊ တားဆီးနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်သဖြင့် လူထုယုံကြည်မှုလည်း မြင့်တက်လာမည်ဖြစ်သည်။

### *ခိုးကြောင်ခိုးဝှက်ချုပ်မည်ဖြစ်သောကြောင့် အောက်ကြေးနိုက်ခံရသည်။*

ကုမ္ပဏီများသည် စာချုပ်ပေါင်းများစွာချုပ်ခဲ့သည့် အတွေ့အကြုံရှိကြသည်။ ၎င်းတို့ ကိုယ်ပိုင်အတွေ့အကြုံသော်လည်းကောင်း၊ အကြံပေးများ၏ အတွေ့အကြုံကိုသော်လည်းကောင်း စွဲကိုင်ပြီး အစိုးရများ ယခင်ကပြုလုပ်ခဲ့သည့် သဘောတူညီချက်များကို နင်းပြီးလုပ်ကွက်တောင်းသည်များ ရှိတတ်သည်။ နိုင်ငံများအနေနှင့်တော့ ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခြင်း အတွေ့အကြုံမှာ မရှိသလောက်ဖြစ်နေသည်။ စာချုပ်များ ဖွင့်ပြခြင်းဖြင့် တဖက်စောင်းနင်းအနေအထားကို တည့်မတ်နိုင်၊ သတင်းအချက်အလက် အားနည်းမှုကို ဖာထေး နိုင်ပြီး ကုမ္ပဏီနှင့် ဈေးစကားပြောရာတွင် ခပ်မာမာပြောဆိုနိုင်မည်ဖြစ်သည်။

## စာချုပ်ပွင့်လင်းမြင်သာမှုကို ဆန့်ကျင်ချေပမှုများ

အစိုးရများနှင့် ကုမ္ပဏီများ စာချုပ်ဖွင့်ပြခြင်းမပြုလိုသည့်အခါ အသုံးပြုသည့်ဆင်ခြေ

**အဆို -** စာချုပ်များတွင် လျှို့ဝှက်ထားရမည့် စီးပွားရေးအချက်အလက်များပါရှိသည်။ ဖွင့်ပြလိုက်ပါက အပြိုင်အဆိုင်ဈေးပေးမှုကို ထိခိုက်နိုင်သည်။

**အချေ -** *စာချုပ်များမှာ ပုဂ္ဂလိကကဏ္ဍတွင် ပွစီတက်နေအောင် ဖြန့်ဝေပြီးဖြစ်သည်။ ထို့ပြင် ဖွင့်ပြရမည်ဟု တောင်းဆိုထားသည့် စာချုပ်များတွင် စီးပွားရေးလျှို့ဝှက်ချက်များပါလေ့မရှိချေ။* လုပ်ကွက်ချပေးသည့် ပမာဏ စာချုပ်များတွင် လျှို့ဝှက်ထားလောက်သည့် စီးပွားရေးဆိုင်ရာ အချက်အလက်များ ပါခဲ့ပြီး ပုံမှန်အားဖြင့် အခြား

စာရွက်စာတမ်းများတွင် ပါလေ့ရှိသည်။ (ဇယား ၁ ရှုပါ) အမှန်တကယ် အရေးကြီးသည့် အချက်အလက်များကို ဖွင့်ပြခြင်းမပြုမှီ တည်းဖြတ်ထားနိုင်သည်။

*စာချုပ်ဖွင့်ပြခြင်းကြောင့် နိုင်ငံကိုလည်းကောင်း နိုင်ငံစီးပွားကိုလည်းကောင်း နစ်နာရသည်ဟူသော အဖြစ်အပျက်မျိုးသမိုင်းတလျှောက်မရှိခဲ့ပါ။* လိုင်ဘေးရီးယား၊ ဂါနာကဲ့သို့သောနိုင်ငံများအဖို့တော့ စာချုပ်များ ဖွင့်ပြခြင်းဖြင့် နိုင်ငံတကာကုမ္ပဏီများထံမှ ရင်းနှီးမြုပ်နှံမှုများ တဖွဲဖွဲဝင်ရောက်ဆဲဖြစ်သည်။ ပွင့်လင်းမြင်သာ မှုအပြည့်နှင့် ဆောင်ရွက်ထားသဖြင့် စာချုပ်ပြင်ရန် ဖိအားပေးခြင်းကို လျော့ကျစေပြီး တည်တည်ငြိမ်ငြိမ်နှင့် တူးဖော်နိုင်စေသည်။

**အဆို -** ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်စာချုပ်များတွင်ပါဝင်သည့် လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာ အပိုဒ် ပါသဖြင့် စာချုပ်များဖွင့်ပြရန် ခွင့်မပြုချေ။

**အချေ -** *ဥပဒေပြုခြင်း၊ နစ်ဖက်သဘောတူလိုက်ခြင်းဖြင့် လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာ အပိုဒ်ကို ကျော်လွှားနိုင်သည်။* ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်စာချုပ်များတွင်ပါဝင်သည့် လျှို့ဝှက်ထိန်းသိမ်းခြင်း စာပိုဒ်သည် ဥပဒေအရပြဋ္ဌာန်းထားသည့် ဖွင့်ပြမှုကို ကျော်လွှားနိုင်ခြင်းမရှိ။ ဥပဒေအရ သတ်မှတ်ထားခြင်း ဖြစ်သောကြောင့် အစိုးရများအနေနှင့် ပွင့်လင်းမြင်သာမှုကို စိတ်ရှင်းရှင်းနှင့် ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့သော ဥပဒေ သို့မဟုတ် သတ်မှတ်ချက်မရှိပါက အစိုးရများနှင့် ကုမ္ပဏီများသည် စာချုပ်ပွင့်လင်းမြင်သာမှုကို နှစ်ဦးသဘောတူဆောင်ရွက်နိုင်သည်။ စာချုပ်ဖွင့်ပြရန် တင်းခံနေသည့် ကုမ္ပဏီများ ကို လွှတ်တော်မှ ဖိအားပေးခြင်းမျိုးပြုလုပ်နိုင်သကဲ့သို့ အစိုးရ၏ နိုင်ငံရေးဆန္ဒရှိမှုကိုလည်း ဖိအားတရပ်အနေနှင့် အသုံးချနိုင်သည်။

| သတ်မှတ်ချက်များ | ဖွင့်ပြပါက ယှဉ်ပြိုင်မှုများတွင် လာရောက်ထိခိုက်မည်လား။ | ပမာဏစာချုပ်များတွင် ပါလေ့ရှိပါသလား။ |
|---|---|---|
| အနာဂတ်ကာလ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့်အချက်များ | ထိခိုက်နိုင် | ပါလေ့မရှိ |
| အရောင်းအဝယ်လျှို့ဝှက်ချက် | ထိခိုက်နိုင် | ပါလေ့မရှိ |
| လုပ်ငန်းခွင်ဆိုင်ရာ သတ်မှတ်ချက် | မထိခိုက် | ပါလေ့ရှိ |
| ဒေသခံများ ပါဝင်မှု | မထိခိုက် | ပါလေ့ရှိ |
| အလုပ်ခန့်ခြင်းနှင့် လေ့ကျင့်သင်ကြား ခြင်း | မထိခိုက် | ပါလေ့ရှိ |
| စာချုပ်၏ ငွေကြေးဆိုင်ရာ သတ်မှတ်ချက်များ | မထိခိုက် | အမြဲတမ်းနီးပါး ပါ |
| စာချုပ်တွင် ပါဝင်သည့်အဖွဲ့များ | မထိခိုက် | အမြဲတမ်းနီးပါး ပါ |

ဇယား ၁။ စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်နှင့် ပမာဏ စာချုပ်

## မြန်မာနိုင်ငံမှ စာချုပ်များ

ပုံ ၁ တွင်ပြထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံသည် တွင်းထွက်ကဏ္ဍ တူးဖော်ရေး လိုင်စင်၊ စီမံကိန်း၊ စာချုပ်များ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လုံးဝထုတ်ပြန်ခြင်းမရှိသည့် အဖွဲ့ထဲတွင် ပါဝင်သည်။ EITI အဖွဲ့ဝင်ရန် လျှောက်ထားဆဲအခြေအနေဖြစ်သောကြောင့် EITI စံသတ်မှတ်ချက်အသစ်တွင်ပါဝင်သည့် အချက်များကိုလိုက်နာမည်လား၊ ချန်ထားမည်လား၊ ရေနံ သို့မဟုတ် တွင်းထွက်စာချုပ်များဖွင့်ပြခြင်းကို EITI အစိတ်အပိုင်းတခုအနေနှင့် ဆောင်ရွက်မည်လားကို EITI ညွှန့်ပေါင်းအဖွဲ့ကဆွေးနွေးနေဆဲဖြစ်သည်။


*မြန်မာနိုင်ငံသည် တွင်းထွက်ကဏ္ဍ တူးဖော်ရေး လိုင်စင်၊ စီမံကိန်း၊ စာချုပ်များ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လုံးဝထုတ်ပြန်ခြင်းမရှိသည့် အဖွဲ့ထဲတွင် ပါဝင်သည်။*

မြန်မာ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် လုပ်ငန်းအများစုကို ၁၀၀ ရာခိုင်နှုန်း နိုင်ငံပိုင်ဖြစ်သော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE နှင့် ပုဂ္ဂလိက အော်ပရေတာတို့ကြားချုပ်ဆိုသည့် စာချုပ်များဖြင့် ကြီးကြပ်ထုတ်လုပ်သည်။ ထို့ကြောင့် နိုင်ငံ၏ စာချုပ်ဖွင့်ပြမှု အခြေအနေတခုလုံးကို သဘောပေါက်ရန် အတွက် MOGEနှင့် ကုမ္ပဏီများစာချုပ်မှ အစီရင်ခံခြင်း၊ ဖွင့်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များကို သိထားရန် အလွန်အရေးကြီးလာသည်။ MOGE နှင့် အော်ပရေတာများကြား ချုပ်ဆိုသည့် စာချုပ်များတွင် လျှို့ဝှက်ထိန်းသိမ်းမှုဆိုင်ရာ စာပိုဒ်အနေနှင့် စာချုပ်လက်မှတ်ရေးထိုးသူ များသည် ဝယ်ယူ၊ ရရှိ၊ တွေ့ရှိသည့် အချက်အလက်၊ မှတ်တမ်းမှတ်ရာများကို ဖွင့်ပြခြင်းမပြုရန် သဘောတူညီကြသည် ဟူသော စာပိုဒ်ပါသည်။ သို့သော်လည်း ယင်းစာပိုဒ်သည် စာချုပ်များဖွင့်ပြခြင်းမပြုလုပ်ရ ဟု တိတိကျကျ တားမြစ်ထားခြင်းမျိုးမရှိပါ။ မြန်မာအနေနှင့် စာချုပ်ဖွင့်ပြဖြန့်ဝေခြင်းပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါက EITI လုပ်ငန်းစဉ်သည် အစိုးရနှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများ သဘောတူနိုင်မည့် အခင်းအကျင်း၊ အချိန်အခါ ပြင်ဆင်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။

EITI စံသတ်မှတ်ချက် (သတ်မှတ်ချက် ၃.၉) အရ နိုင်ငံများအနေနှင့် လိုင်စင်၊ လုပ်ကွက်များချထားခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်းကို အများပြည်သူကြည့်ရှုနိုင်အောင် ပြသထိန်းသိမ်းရမည်ဖြစ်သည်။ ထိုကဲ့သို့သော စံသတ်မှတ် ချက်များကို လိုက်နာရန်အတွက် မြန်မာအစိုးရအနေနှင့် ရေနံ၊ သတ္တုတူးဖော်သည့် ပါမစ်၊ လုပ်ကွက်များ ချထားပေးခြင်းနှင့် ပတ်သက်သည့် မှတ်တမ်းတင်ခြင်းကို အများပြည်သူအားချပြရန် ဆောင်ရွက်ရမည် ဖြစ်သည်။

## စာချုပ်များစောင့်ကြည့်ခြင်း၊ လိုက်နာစေခြင်း

အချို့သော ဥပဒေများတွင်တော့ လွှတ်တော်အမတ်များအနေနှင့် စာချုပ်များ စောင့်ကြည့်ထိန်းကျောင်းရန် တလေးတစားနေရာပေးခံရခြင်းများရှိသကဲ့သို့ အချို့တွင်လည်း လူရာမသွင်းခြင်းများရှိသည်။ မည်သို့ပင် ဖြစ်စေ လွှတ်တော်အမတ်များအနေနှင့် မီဒီယာ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဥပဒေမူဘောင် အကောင်အထည်ဖော်မှုများကို စောင့်ကြည့်သည့် တပ်ပေါင်းစုကြီးကို ဖွဲ့စည်းနိုင်သည်။ မီဒီယာများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည်လည်း မူဝါဒရေးဆွဲသူများအား အကောင်အထည်ဖော်ခြင်းတွင် ကြုံရသည့် ပြဿနာအသေးစိတ်ကို တင်ပြခြင်းများပြုလုပ်နိုင်သည်။ ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း ကုမ္ပဏီများ လိုက်နာရန် ဥပဒေအရ သတ်မှတ်ထားချက်များနှင့် ပတ်သက်ပြီး အသိအမြင်မြှင့်တင်ခြင်းမျိုးကိုလည်း ထိခိုက်နစ်နာရသည့် ရပ်ရွာများတွင် သွားရောက်လုပ်ဆောင်ခြင်းမျိုးဖြင့် ပါဝင်နိုင်သည်။



ပုံ ၂။ စာချုပ်စာတမ်းများကို လွှတ်တော်က စောင့်ကြည့် ထိန်းကျောင်းခြင်း၊

- စာချုပ်များ၊ လိုင်စင်များချထားပေးခြင်းနှင့်ဆိုင်သည့် အစီရင်ခံစာကို ဥပဒေပြုမဏ္ဍိုင်က ပုံမှန်ရရှိသည်။ လွှတ်တော် အမတ်များက နည်းဥပဒေများ၊ ဥပဒေများ လိုက်နာမှုရှိမရှိကို တင်းကျပ်စွာစောင့်ၾကည့်သည်။
- စာချုပ်များ၊ လိုင်စင်များ ချထားပေးခြင်းနှင့်ဆိုင်သည့် အစီရင်ခံစာကို ဥပဒေပြုမဏ္ဍိုင်က ပုံမှန်ရရှိသည်။ လွှတ်တော် အမတ်များက နည်းဥပဒေများ၊ ဥပဒေများ လိုက်နာမှုရှိမရှိ တင်းကျပ်စွာစောင့်ကြည့်သည့် အထောက်အထားမတွေ့ရ။
- စာချုပ်များ၊ လိုင်စင်ချထားပေးခြင်းများနှင့် ပတ်သက်ပြီး မပြည့်မစုံ ရေးသားထားသည့် အစီရင်ခံစာများကို ဥပဒေပြုမဏ္ဍိုင်က ရချင်သည့် အချိန်မှရသည်။
- တွင်းထွက်ကဏ္ဍနှင့်ပတ်သက်ပြီး စာချုပ်စာတမ်း၊ လိုင်စင် အစရှိသော မည်သည့်အချက်အလက်ကိုမျှ ဥပဒေပြုမဏ္ဍိုင်က လက်ခံရခြင်းမရှိ

Resource Governance Index 2013.

ယခုစာတမ်းငယ်ပါ အချက်အလက်များကိုအသုံးပြုပြီး လွှတ်တော်အမတ်များသည် အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို လက်တွေ့လုပ်ဆောင်နိုင်သည်။

- အစိုးရအနေနှင့် စာချုပ်ဖွင့်ပြမှုပြုလုပ်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း လွှတ်တော်တွင် မေးမြန်းခြင်း
- ပါတီတွင်းသော်လည်းကောင်း၊ လွှတ်တော်ကော်မတီတွင်းသော်လည်းကောင်း ပွင့်လင်းမြင်သာမှု အကျိုးများ ဖော်ဆောင်ရန် ဆန်းစစ်ခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းမိတ်ဖက်များမှတဆင့် နိုင်ငံရေး ဖိအားပေးခြင်း
- စာချုပ်ပွင့်လင်းမြင်သာမှုသည် ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားမဖြစ်စေကြောင်း၊ အစိုးရပိုင်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေသည့် ခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်နိုင်ပုံကို ဖော်ထုတ်ရန် ရည်ရွယ်လျက် စာချုပ်ဖွင့်ပြမှုပြုလုပ်ခဲ့သော နိုင်ငံများနှင့်ပတ်သက်သည့် ကော်မတီအစီရင်ခံစာ ထုတ်ပြန်ခြင်း။

- အများပြည်သူ အကျိုးစီးပွား ကာကွယ်ရန် ရည်ရွယ်လျက် အစိုးရ၊ ကုမ္ပဏီများပါဝင်ကာ ဖွင့်ပြခြင်းဆိုင်ရာ (စာချုပ်တခုလုံးသော်လည်းကောင်း၊ ရွေးချယ်ထုတ်နုတ်ထားသည့် သတ်မှတ်ချက်များသော်လည်းကောင်း) လုပ်ပုံလုပ်နည်းများဖော်ထုတ်ရန် သတင်း အချက်အလက်များကြားနာခြင်း၊ ဆွေးနွေးပွဲငယ်များပြုလုပ်ခြင်း

- စာချုပ်များဖွင့်ပြရန်သတ်မှတ်ထားသည့် ဥပဒေကြမ်းများကို တဦးချင်းစီအနေနှင့် တင်သွင်းခြင်း ( နိုင်ငံဥပဒေအရ ခွင့်ပြုထားသည်ဆိုပါက)

- စာချုပ်ပွင့်လင်းမြင်သာမှုကို ထောက်ခံအားပေးမှုများရရှိအောင်၊ အများပြည်သူအမြင်နိုးကြားအောင် အင်တာဗျူး၊ စာနယ်ဇင်းရှင်းလင်းပွဲများမှ တဆင့် မီဒီယာများနှင့် ဟန်ချက်ညီလှုပ်ရှားခြင်း

- အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်း

- စာချုပ်များကို အများပြည်သူမလေ့လာနိုင်အောင် ဥပဒေများ၊ ဆောင်ရွက်မှုများနှင့် ပိတ်ပင်ထားသည့် နိုင်ငံများတွင်မူ စာချုပ်များကို လွှတ်တော်က အတည်ပြုခြင်း၊ လွှတ်တော်သို့ပေးပို့ခြင်းများ ရှိတတ်သည်။

- စည်းကမ်းကြီးကြပ်ရေးမှုဘောင်လစ်ဟာမှုများ၊ လက်တွေ့အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာ ပြဿနာများကို ဖောင်းပေးပြီး ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများ၏ ဒေသခံ ရပ်ရွာများသို့ သက်ရောက်ပုံများအား စုဂေးတင်ပြသည့် လူထုကြားနာမှုအစီအစဉ်ပြုလုပ်ခြင်း

- ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းများ၏ လုပ်ငန်းခွင်များသို့ လက်တွေ့ကွင်းဆင်းပြီး အခွန်ငွေစီးဆင်းစီမံမှုအတွက် ကုမ္ပဏီမန်နေဂျာများနှင့်တွေ့ဆုံခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ မဲဆန္ဒရှင်များနှင့် တိုက်ရိုက်တွေ့ဆုံခြင်းတို့ပြုလုပ်ခြင်း

- CSOများ မီဒီယာများ စောင့်ကြည့်ခြင်းလုပ်ငန်း နောက်ဆက်တွဲရလဒ်များ၊ ကွင်းဆင်းလေ့လာ တွေ့ရှိမှုများ၊ စည်းဂေးများမှ ရလဒ်များနှင့် ပတ်သက်သည့် စည်းဂေးကို အစိုးရ၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ကုမ္ပဏီများပါလျက်ပြုလုပ်ခြင်း

- ဥပဒေသတ်မှတ်ချက်များ ခိုင်မာအားကောင်းလာစေရန်၊ စာချုပ်များစောင့်ကြည့်ခြင်းကို အားပေးထောက်ခံလာရန်၊ အများပြည်သူ အမြင်ဖွင့်ရန်အတွက် မီဒီယာများနှင့် ဟန်ချက်ညီဆောင်ရွက်ခြင်း

## လွှတ်တော်အမတ်များမေးမြန်းနိုင်သည့် မေးခွန်းများ

- ကုမ္ပဏီများအနေနှင့် စာချုပ်များဖွင့်ပြရန် ဆန္ဒရှိကြပါသလား။ ကုမ္ပဏီတခုခြင်းစီ၏ အခြေအနေ၊ စုစုပေါင်းအခြေအနေ။ ကုမ္ပဏီအကြီးအကဲများအနေနှင့်ကော ဆန္ဒရှိကြပါသလား။ မရှိပါက အဘယ်ကြောင့်မရှိရသနည်း။ ၄င်းတို့ ငြင်းဆိုချက်များကို ယခုစာတမ်းငယ်ပါ အချက်များနှင့် ချေပနိုင်ပါသလား။

- မြန်မာနိုင်ငံတွင်းလာရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီများအနေနှင့် စာချုပ်ဖွင့်ပြမှုကို ဥပဒေအရ သတ်မှတ်ထားသည့် နေရာများတွင် လိုက်နာဖွင့်ပြခြင်းမျိုး ရှိနေပါသလား။ မိမိနိုင်ငံတွင်းတွင်လည်း ထိုကဲ့သို့ဖြစ်လာအောင် ဥပဒေပြင်ဆင်မှု များပြုလုပ်နိုင်ပါသလား။

- အုံ့ပုန်းစာချုပ်များအတွက် သတင်းအချက်အလက် လျှို့ဝှက်ခြင်းကို ဆင်ခြေပေးပါက ကင်းလွှတ် ခွင့်ရှိမရှိ ရှာဖွေနိုင် အောင် လျှို့ဝှက်ထိန်းသိမ်းခြင်းဆိုင်ရာစာပိုဒ်ကိုကြည့်ရှုရန် တောင်းဆိုထား ဘူးပါသလား။

- အစိုးရနှင့် ကုမ္ပဏီများက ၄င်းတို့သည် စာချုပ်ပွင့်လင်းမြင်သာမှုကို ကြိုဆိုပါသည် သို့သော်လည်း ၄င်းတို့ မိတ်ဖက်၏ တားမြစ်ချက်ကြောင့် မလုပ်နိုင်ပါဟု ဆိုပါက နှစ်ဖက်လုံးပါဝင်သည့် လူထုကြားနာမှု စည်းဂေးပြုလုပ်ပြီး နှစ်ဖက်စလုံးပါ ဝင်ခိုင်းခြင်းမျိုး ဆောင်ရွက်နိုင်ပါသလား။

- အစိုးရအဖွဲ့တွင် စာချုပ်ပွင့်လင်းမြင်သာမှုကို သဘောကျသူများရှိပါသလား။ ယင်းကိစ္စနှင့် ပတ်သက်ပြီး တက်ကြွသော အရပ်ဖက်လူအဖွဲ့အစည်းများရှိပါသလား။ ထိုသူများနှင့်လက်တွဲပြီး စာချုပ်ဖွင့်ပြမှု ရုပ်လုံးပေါ်လာအောင် ဆောင်ရွက်နိုင် ပါသလား။

- မြန်မာနိုင်ငံတွင် သတင်းအချက်အလက်လွတ်လပ်ခွင့် အက်ဥပဒေရှိပါသလား။ မဲဆန္ဒရှင်များနှင့် ပူးပေါင်းပြီး စာချုပ် ဖွင့်ပြမှုမှာ ကို တရားရုံးများမှ တဆင့်ဖော်ဆောင်နိုင်မည်လား။

- မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော စာချုပ်လိုက်နာမှုပြဿနာများကို ဖော်ပြပါ။ စာချုပ်ပွင့်လင်းမြင်သာမှုသည် လွှတ်တော်အမတ်များနှင့် စောင့်ကြည့်ထိန်းသိမ်းရေး တွင်ပါဝင်သူများ (ဥပမာ CSO နှင့် မီဒီယာ) ကိုမည်သို့အကျိုးပြုသနည်း။

- စာချုပ်ပါအချက်အလက်များ လိုက်နာမှုရှိမရှိ စောင့်ကြည့်ရန်အတွက် စာချုပ်များအပြင်မည်သည့်အချက်အလက်များလိုအပ်သေးသနည်း။ ယင်းအချက်များကို ရရှိနိုင်သည့် အနေအထားရှိပါသလား။

အသေးစိတ်လေ့လာရန်

- စာချုပ်များ လေ့လာရန် www.resourcecontracts.org.
- NGRI မှထုတ်ဝေသည့် စာချုပ်များ၊ စာချုပ်ပွင့်လင်းမြင်သာမှုဆိုင်ရာစာအုပ်စာတမ်းများ www. resourcegovernance.org/issues/contracts.
- Drilling Down, www.resourcegovernance.org/publications/drilling-down
- Contracts Confidential, www.resourcegovernance.org/contractsconfidential
- Enforcing the Rules, www.resourcegovernance.org/publications/enforcing-rules
- NRGI's Resource Governance Index, www.resourcegovernance.org/rgi

စာစဉ်များ

နည်းပညာအရရှုပ်ထွေး၊ သာမန်လူနားမလည်နိုင်လောက်အောင် အလှမ်းဝေးသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းလုပ်ငန်းများအတွက် ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဖွင့်ပြအသိပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံများအနေနှင့် တွင်းထွက်ကဏ္ဍမှ ရရှိသည့်အကျိုးအမြတ်များကိုအမြင့်ဆုံး ပမာဏဖြင့် ရရှိနိုင်ရန်အတွက် လွှတ်တော်က ဝင်ရောက်ထိန်းကျောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် NGRIသည် လိုအပ်သည့်သတင်းအချက်အလက်များပံ့ပိုးပေးလျက်ရှိသည်။ လွှတ်တော်နှင့်ဆိုင်သည့် စာတမ်းငယ်များကို www. revenuewatch.org/parliaments တွင် ရယူဖတ်ရှုနိုင်သည်။

လွတ်လပ်သော ပရဟိတ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် သဘာဝသံယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုအကြံပေးအဖွဲ့ သည် လက်တွေ့အသုံးချ သုတေသနနှင့် စွမ်းအားစုများဖွံ့ ဖြိုးတိုးတက်စေရေး၊နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် အထောက်အကူပေးမှုများဆီသို့ တီထွင်ဖန်တီးမှုရှိရှိ ချဉ်းကပ်မှုတို့ မှတဆင့် ၄င်းတို့ တိုင်းပြည်မှ ထွက်သော ရေနံ၊ဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်ပစ္စည်းများ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ကူညီပေးပါသည်။ ထပ်ပြီးလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development